# သမတအိမ်တော်၊ ရန်ကုန်မြို့။

# ၁၉၅၁ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

**[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၆။]**

**၁၃၁၃ ခုနှစ်၊ တော်သလင်းလဆုတ် ၁၄ ရက်။**

**(၁၉၅၁ ခု၊ စက်တင်ဘာလ ၂၉ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖော်ပြပါအက်ဥပဒေကို ထုတ်ပြန်ကျေ ညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

**၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်အတွက် နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။**

၁။ ။ (၁) ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များမှစုစုပေါင်းငွေကျပ် ၁၁,၅၅,၈၆,၅၃၀ (ဤအက်ဥပဒေဇယားတွင် ဖော်ပြထားသည်) ကိုထုတ်၍၊ ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက်ခွဲဝေသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၁ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ (၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၂) အရခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ် သုံးစွဲခြင်းဖြစ်သည်ဟူ၍မှတ်ယူရမည်။

**၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်အတွက် ငွေချေးယူခြင်း။**

၂။ ။ (၁) ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်အတွင်း၊ ငွေစုစုပေါင်း ကျပ် ၂၄,၂၃,၀၀၀ ထက်မပိုသောငွေများကို၊ ဘဏ္ဍာရေးဝန်ကြီးသည်အစိုးရ ငွေချေးစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထို့ပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်ကလည်း၊ ထိုနှစ်အတွင်းတွင် ထိုငွေများကိုဘဏ္ဍာရေးဝန်ကြီးအား ထုတ်ချေးရမည်။ ထိုကဲ့သို့ငွေချေးသောကိစ္စအတွက် ဘဏ္ဍာရေးဝန်ကြီးသည် မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍၎င်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များထား၍၎င်း၊ အာမခံစာချုပ်များပြုလုပ်၍ ထုတ်ပေးနိုင်သည်။

(၂) ဤအက်ဥပဒေအရ ချေးယူရရှိသော ငွေအားလုံးကို ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များတွင် ထည့်သွင်းရမည်။

(၃) ဤအက်ဥပဒေအရ ထုတ်ပေးသည့် အာမခံစာချုပ်များနှင့် သက်ဆိုင်သော ငွေရင်းနှင့်အတိုးကို၎င်း၊ ဤအာမခံစာချုပ်များ ထုတ်ပေးသည့်ကိစ္စနှင့် ပတ်သက်၍ ကုန်ကျသည့်စရိတ်ငွေများကို၎င်း၊ ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များမှထုတ်ပေးရမည်။

(၄) ပုဒ်မခွဲ (၁)တွင် ခွင့်ပြုထားသည့်ငွေချေးယူခြင်းသည်၊ ၁၉၅၀ ပြည့်နှစ် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေး အက်ဥပဒေ (၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၃၂) အရ ခွင့်ပြုထားသည့် ငွေချေးယူခြင်းအပြင်၊ နောက်ထပ်ငွေချေးယူခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

**ဇယား။**

| အစိုးရဌာန။ | | | | | ခွဲဝေသုံးစွဲသည့်ငွေ |
|---|---|---|---|---|---|
| | | | | | ကျပ်။ |
| အကောက်တော်နှင့်နိုင်ငံတွင်းအကောက်တော် | | | ... | ... | ၄,၅၄,၉၉၀ |
| အမြတ်တော်ခွန် | | ... | ... | ... | ၃၀,၁၀၀ |
| အစိုးရထီ | ... | ... | ... | ... | ၄၉,၄၀၀ |
| ယစ်မျိုး | ... | ... | ... | ... | ၁,၇၄,၀၄၀ |

| | | | | | |
|---|---|---|---|---|---|
| အခြားအခွန်တော်များနှင့်အကောက်တော်များ | | | ... | ... | ၂,၆၄,၀၀၀ |
| ဆည်မြောင်း အစရှိသည့်လုပ်ငန်းများ | | | ... | ... | ၁၀ |
| အတိုးနှင့်ကြွေးမြီ | | ... | ... | ... | ၁,၅၀,၀၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု | | ... | ... | ... | ၁၄,၄၀,၇၀၀ |
| စာရင်းစစ် | | ... | ... | ... | ၉၂,၇၀၀ |
| အကျဉ်းထောင်များ | | ... | ... | ... | ၈၈,၀၀၀ |
| ရဲအဖွဲ့ | ... | ... | ... | ... | ၄၀,၈၀,၇၄၀ |
| ရေကြောင်းဆိုင်ရာနှင့်မီးပြတိုက်များ | | | ... | ... | ၆,၄၈,၄၀၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများ | | | ... | ... | ၂,၇၀,၇၀၀ |
| ပညာရေး | ... | ... | ... | ... | ၁၇၀ |
| ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး | | | ... | ... | ၃,၆၆,၂၀၀ |
| စက်မှုလက်မှုအလုပ်အကိုင်များ | | | ... | ... | ၉၀,၂၀၀ |
| လေကြောင်းပျံသန်းသွားလာမှု | | | ... | ... | ၁,၃၀,၇၂,၃၀၀ |
| ငွေစက္ကူ၊ ဒင်္ဂါးစသည်များနှင့် ဒင်္ဂါးသွန်းစက်ရုံ | | | ... | ... | ၂,၅၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ | | ... | ... | ... | ၁၆,၅၃,၉၂၀ |
| ပင်ရှင်လစာငွေများ | | ... | ... | ... | ၁၅,၅၇,၅၄၀ |
| အထွေထွေ | ... | ... | ... | ... | ၇,၆၆,၈၂,၃၇၀ |
| ပြည်သူ့ထောက်ပံ့ရေး | | ... | ... | ... | ၁,၁၀,၀၀,၀၀၀ |
| စစ်ကြောင့်ထွက်ခွါမသွားမီ တင်ရှိသည့် ကြွေးမြီတာဝန်များ | | | | ... | ၂,၃၀,၀၀၀ |
| အထူးရငွေများမှ ကြီးပွါးရေးရံပုံငွေအတွက် ကုန်ကျစရိတ် | | | | ... | ၂၅,၃၇,၉၀၀ |
| ပြည်နယ်အစိုးရများသို့ချေးငွေများ | | | ... | ... | ၃,၀၀,၀၀၀ |
| ပေါင်း | | | | ... | ၁၁,၅၅,၈၆,၅၃၀ |

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**စဝ်ရွှေသိုက်၊**
**နိုင်ငံတော်ယာယီသမတ။**

**ရန်ကုန်မြို့၊ ၁၃၁၃ ခု၊ တော်သလင်းလဆုတ် ၁၄ ရက်။**
**(၁၉၅၁ ခု၊ စက်တဘၢာလ ၂၉ ရက်။)**

**အမိန့်အရ၊**
**ခင်မောင်ဖြူ၊**
**နိုင်ငံတော်သမတအတွင်းဝန်။**
**[အမှတ် ၇၈]**